တက်စ်မေးနီးယန်းကလေး

# ကေတီရဲ့ ပန်းခြံ



ရှီလို့ လောင်းဘပ်တန်မှ
ရေးဆွဲသည်။

Burmese | မြန်မာ



တစ်ချိန်က စက်ရုံတစ်ရုံ ရှိခဲ့တယ်။
နောက်တော့ ဒီစက်ရုံ မရှိတော့ဘူး။
အခုဆို ကလေးတွေတောင်
မကစားကြတဲ့ မြေလွတ်ဖြစ်နေပြီ။



ကေသီဟာ တက်စ်မေးနီးယန်းကလေး ဖြစ်တယ်။
ဒီနားမှာ နေတဲ့ ကလေးမလေးပါ။
သူက ဒီ စွန့်ပစ်ခံနေရာကို ဖြတ်သွားရင်း ရပ်ပြီး
ဘာကြောင့်လဲလို့ တွေးနေတယ်။




သူသိတဲ့ လူတစ်ယောက်
အိုးသယ်လာတာကို ကေတီ မြင်လိုက်တယ်။
ဒီမြေလွတ်မှာ အပင်တစ်ပင်၊ နှစ်ပင်လောက်စိုက်ရင်
ကောင်းမလားလို့ သူတွေးမိတယ်။

ဂျွန်ကပြောတယ် စိုက်ဖို့မလွယ်ဘူး၊ ဒါပေမယ့်
သူတို့ အပင်တချို့ စိုက်နိုင်ခဲ့တယ်။
"ပန်းတွေစိုက်ပြီး ပျားတွေအတွက်
အိမ်လုပ်ပေးဖို့ ဘာလို့ မရနိုင်မှာလဲ။"






အတူတူ အလုပ်လုပ်တာတွေဟာ
ဒီမှာ ငါတို့ လုပ်နေကျပဲ။
ငါတို့အိမ်နီးချင်းတွေ လာကူလုပ်ပေးတယ်။
သူတို့တွေဟာ ရပ်ဝေး၊ ရပ်နီးကနေ လာကြတာ။

ဆောင်းရာသီဆို ငါတို့ အဆင်သင့်ပဲ။
အေးပေမယ့် အလုပ်လုပ်နေဆဲ။
အစေ့တွေထည့်ထားတဲ့ အိတ်တွေနဲ့က မားစ်။
တခြားသူငယ်ချင်းတွေ ရောက်လာတယ်။






ဒီအလုပ်က ခက်တယ်။ ငါတို့ရည်မှန်းချက်တွေက ကြီးတယ်။
ငါတို့ အပင်စိုက်တယ်၊ မြေတူးတယ်၊ မျိုးကြဲတယ်။
ငါတို့ ပန်းခြံ ကြီးလာအောင် နည်းသစ်တွေ လေ့လာပြီး
စမ်းသုံးကြည့်ရတာ ပျော်စရာကြီး။



ဒေးဗစ်က သူ့ပစ္စည်းတွေ ယူလာတယ်။
ငါတို့ ပန်းခြံထဲမှာ တဲဆောက်တယ်။
မိုးရွာတယ်၊ နောက် နေထွက်လာတယ်။
ငါတို့ ပန်းခင်းကို ပြုစုပေးတယ်။




ချုံပုတ်တွေနဲ့ မြက်တွေက
ဒီမှာ အမြဲပေါက်တယ်။
မတ်တန်ငှက်တွေနဲ့
ဝမ်ဘတ်တွေက စလာနေကြပြီ။



နွေရာသီမှာ ငါတို့ ရေလိုတယ်။
ကာလီးတာက ရေရအောင် လုပ်တတ်တယ်။
ဒီလိုဘဲ အမြဲတမ်း ဖြစ်နေတာ။
ဒါဟာ ငါတို့ နေနေကျပါ။

ကေတီက တစ်စမေးနီယမ်းပါ။
သူက မြေလွတ်တစ်ခုကို ပန်းခြံ
ဖြစ်အောင် သူ့သူငယ်ချင်းတွေနဲ့
အတူတူ လုပ်ခဲ့တယ်။



ငါတို့အားလုံးမှာ
ကြီးကြီး ငယ်ငယ် ပင်ကိုယ်စွမ်းရည်တွေ ရှိကြတယ်။
ကေတီ လုပ်ပြခဲ့ပြီလေ။ ဒါဆို မင်းလဲ လုပ်နိုင်တယ်...





ကြည့်စမ်း၊
ငါတို့အားလုံးဆီမှာ တက်စ်မေးနီးယန်းလေးတယောက် ရှိနေတယ်။

ဟုတ်တယ်၊ အဲဒါ မင်းပဲ။




ဒီတက်စ်မေးနီးယန်း တိရိစ္ဆာန်လေးတွေကို မင်း ရှာတွေ့နိုင်မလား။

၁ 
ဘဲတူဖျံတူ

၂ 
တက်စီ ဖားပေါက်စများ

၃ 
တက်စီ နားရွက်ရှည်လင်းနို့

၄ 
အင်ပါရာ ဆင်လိပ်ပြာ

၅ 
ဝက်တူသားပိုက်ကောင်

၆ 
တက်စီလူဆိုးများ

၇ 
အစက်လေးဆယ် နှံပြီစုတ်

၈ 
ဩစီ ရေဘဲ

၉ 
နှာတို ဖြူတူသားပိုက်ကောင်

၁၀ 
အရှေ့ပိုင်းတွေ့ အစင်းကျား ယုန်တူသားပိုက်ကောင်



## ဂျွန် ကာမာရာ

ဂျွန် ကာမာရာဟာ တက်စမေးနီးယားကို ဒုက္ခသည်တစ်ဦးအနေနဲ့ ရောက်လာရှိခဲ့တယ်။ ယခု သူက ရွှေ့ပြောင်းအလုပ်သမားများ ကြုံတွေ့ရသည့် လူမျိုးရေးခွဲခြားမှု၊ အလုပ်ခေါင်းပုံဖြတ်ခံရမှုစတဲ့ ဖြစ်နေဆဲ စိန်ခေါ်မှုတွေနှင့် နိုင်ငံရပ်ခြား အရည်အချင်းတွေကို အသိအမှတ်ပြုရေးတို့ကို မီးမောင်းထိုးပြဖို့ လုပ်ဆောင်နေပါတယ်။ ဂျွန်ဟာ ရွှေ့ပြောင်းအလုပ်သမားတွေအတွက် အလုပ်အကိုင်နှင့် အိမ်ရာတွေ ရှာဖွေရာမှာ ကူညီပြီး ယဉ်ကျေးမှုပေါင်းစုံ စုပေါင်းသီချင်းဆိုခြင်းတွေမှာ ပါဝင်လှုပ်ရှားနေသူ ဖြစ်ပါတယ်။ ဂျွန်ဟာ တက်စမေးနီးယား ယဉ်ကျေးမှုကွဲပြား မဟာမိတ်များအဖွဲ့ရဲ့ ပူးတွဲတည်ထောင်သူဥက္ကဋ္ဌ ဖြစ်ပြီး တက်စမေးနီးယား အာဖရိက အသိုင်းအဝိုင်းများ ကောင်စီရဲ့ ပူးတွဲတည်ထောင်သူလည်း ဖြစ်ပါတယ်။ သူက ၂၀၂၃နှစ်အတွက် တက်စမေးနီးယားမှ ဩစတေးလျားနိုင်ငံသားဆုရသူ ဖြစ်ပါတယ်။ ဂျွန်နဲ့ သူ့ဇနီး မာဗစ်ဟာ စီရာလီရွန်းနှင့် ဂါနာက ကျောင်းသားတွေအတွက် ပညာရေးဆိုင်ရာ အရင်းအမြစ်တွေကို ပံ့ပိုးပေးတဲ့ ပရဟိတ ကာမရာ ဖောင်ဒေးရှင်းကို တည်ထောင်ခဲ့ပါတယ်။ ဂျွန်နှင့် သူ့မိသားစုအတွက် တက်စမေးနီးယားဟာ နေအိမ် ဖြစ်ပြီး၊ သူ့ရည်မှန်းချက်က အားလုံးအတွက် လူမှုအသိုင်းအဝိုင်းတစ်ခုနဲ့ ပိုမိုကောင်းမွန်ပြီး တရားမျှတတဲ့ ဘဝတစ်ခုကို ဖန်တီးဖို့ ဖြစ်ပါတယ်။



## မားစ် ဘတ်ဖီးလ်-အက်ဒီဆန်

မားစ် ဘတ်ဖီးလ်-အက်ဒီဆန်ဟာ ကွန်ပြူတာပညာရှင် ဖြစ်သလို သိပ္ပံအကြောင်း ရေးသားရှင်းပြသူပါ။ သူဟာ သူ့ဘဝနှင့်ပညာရေးအတွက် အသစ်ရှာဖို့ ငယ်ရွယ်စဉ်ကတည်းက တက်စမေးနီးယားကို ပြောင်းရွှေ့ခဲ့ပါတယ်။ အတတ်ပညာရှင်တစ်ဦးအနေနဲ့ မားစ်ဟာ အမြင်ပုံဆွဲတာတို့ ပြည်သူ့ကျန်းမာရေးတို့ အာကာသအကြောင်းတို့နဲ့ အခြားကိစ္စတွေမှာ ပြဿနာတွေကို ဖြေရှင်းနိုင်ခဲ့တယ်။ ယခု တက်စမေးနီးယားတက္ကသိုလ်မှာ သူဟာ ဂြိုဟ်တုများနှင့် အာကာသအပျက်အစီးတွေကို ခြေရာခံဖို့ ဆက်သွယ်ရေးစလောင်းတွေကို အသုံးချခဲ့တယ်။ မားစ်ဟာ အများသုံးနဲ့ ကျောင်းသုံး STEMအစီအစဉ်တွေကတဆင့် လူပေါင်းထောင်ချီအထိ ဆက်သွယ်နိုင်ခဲ့ပြီး ဩစတြေးလျတစ်ဝှမ်းက ကျောင်းတွေနဲ့ သိပ္ပံပြပွဲတွေမှာ သုံးတဲ့ ပညာရေးအက်ပ်နှင့် ကစားနည်းတွေကို တီထွင်ခဲ့တယ်။ မားစ်ဟာ အခွင့်အလမ်းကောင်းတွေရှာဖို့ တက်စမေးနီးယားက ထွက်သွားရမယ်ဆိုတဲ့ ခေတ်နောက်ပြန်အတွေးတွေကို ချေဖျက်ပြီး၊ တက်စ်မေးနီးယန်းကလေးတွေကိုတောင် သူတို့ပတ်ဝန်းကျင်က သိပ္ပံနဲ့ အလှတရားတွေကို တန်ဖိုးထားစေဖို့ ကြိုးပမ်းနေပါတယ်။



## ဒေးဗစ် ဖော်စတာ

ကမ္ဘာ့ချန်ပီယံသစ်ခုတ်သမား ဒေးဗစ် ဖော်စတာ OAMကို ဩစတြေးလျ၏ အအောင်မြင်ဆုံး အားကစားသမားလို့ ပြောဆိုလေ့ ရှိကြပါတယ်။ ဒေးဗစ်ဟာ တက်စမေးနီးယား အနောက်မြောက်ပိုင်း အရပ်မှာ ကြီးပြင်းခဲ့ပြီး ဖခင်နဲ့အတူ နှစ်ယောက်ဆွဲလွှတိုက်အဖွဲ့အနေနဲ့ သူ့ရဲ့ ပထမဆုံး ကမ္ဘာ့ဖလားကို ရရှိခဲ့ပါတယ်။ သူဟာ ကမ္ဘာ့စံချိန်များစွာကို ချိုးခဲ့ပြီး ၂၁ နှစ် ဆက်တိုက် ကမ္ဘာ့ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ကမ္ဘာ့ အားကစားပြိုင်ပွဲအနေနဲ့ ပြိုင်ပွဲအမျိုးမျိုးမှာ ဆုဖလားပေါင်း ၁,၀၀၀၀ကျော်ကို ဆွတ်ခူးနိုင်တဲ့ တစ်ဦးတည်းသော အားကစားသမားလို့လည်း ဆိုနိုင်ပါတယ်။ ဒေးဗစ်သည် ၂၀၂ခုနှစ်တွင် ဩစတေးလျား နာမည်ကျော် အားကစားသမားစာရင်းထဲ ဖော်ပြခဲ့ရတဲ့အပြင် တက်စမေးနီးယားမှ ဩစတေးလျားနိုင်ငံသားဆုနဲ့ အမ်ဗက်၊ ရာပြည့်နဲ့ ဩစတေးလျားဆုတွေအပါအဝင် ဆုများစွာ ရရှိခဲ့ပါတယ်။ သူဟာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး၊ အမျိုးသားကျန်းမာရေးနှင့် လိင်ပေါင်းစုံ အခွင့်အရေးတွေအတွက် လှုံ့ဆော်သူတစ်ဦးလည်း ဖြစ်ပါတယ်။ ဒေးဗစ်အတွက် တက်စမေးနီးယားဟာ ကမ္ဘာပေါ်မှာ နေထိုင်ဖို့ အကောင်းဆုံးနေရာ ဖြစ်ပါတယ်။ သူက တက်စ်မေးနီးယားလူငယ်တိုင်းကို သူတို့ကိုယ်သူတို့ယုံကြည်ရင် သူတို့အိပ်မက်တွေ တကယ် ဖြစ်လာနိုင်တယ်ဆိုတာ သိစေချင်ပါတယ်။



## ကာလီးတာ သောမတ်စ်

ကာလီးတာ သောမတ်စ် ဟာ လူထရူဝီတာ/ တက်စမေးနီးယား အရှေ့မြောက်အရပ်ရဲ့ ဝင့်ကြွားစရာ ပါကာနာ အမျိုးသမီးတစ်ဦး ဖြစ်ပါတယ်။ ကာလီယာဟာ ထရူဝါနာ/ကိတ်ဘာရန်ကျွန်းမှာ မွေးဖွားခဲ့ပြီး အဲဒီကျွန်းမှာ သူဟာ မိသားစုနှင့်အတူ ပင်လယ်ငှက်ဖမ်းရတာကို ကြိုက်ပါတယ်။ ကာလီးတာဟာ ဝူကာလီကာ (Mt William National Park)နဲ့ လာရာပူနာ (Bay of Fires)မှာ ရှိတဲ့ ပါလာဝါလူမျိုးစုတွေ ပိုင်ဆိုင်လုပ်ကိုင်တဲ့ ဆုတွေရတဲ့အထိ နာမည်ကျော် ဝူကာလီကာ လမ်းလျှောက်ခရီးစဉ်ရဲ့ တည်ထောင်သူ ညွှဲ့လမ်းညွှန်တစ်ဦး ဖြစ်ပါတယ်။ "ကျွန်မ ဝူကာလီနာကို ပထမဆုံး ရောက်တဲ့အချိန်ဟာ ကျွန်မရဲ့မွေးရပ်မြေကို ပထမဆုံးရောက်တာပါပဲ" လို့ ကာလီးယာ က ပြောပါတယ်။ "ဒီနေရာက အရှေ့မြောက်ပိုင်းနိုင်ငံရဲ့ ထရူဝူလွေး မျိုးနွယ်စုတွေ နေထိုင်ခဲ့တဲ့ နေရာအတိအကျပါ။ ကျွန်မတို့ဟာ မာနာလာဂီးနာနဲ့ ပြန်ချိတ်ဆက်မိပါတယ်။ ကျွန်မ ကိတ်ဘာရန်ကျွန်းကို ပြန်ရောက်တဲ့အချိန်မှာ ကျွန်မရဲ့ဘိုးဘေးတွေရှေ့ ရောက်နေတယ်လို့ ခံစားရခဲ့ပါတယ်။ စစချင်းတုန်းကတော့ အဖွဲ့တွေနဲ့ စကားပြောတာ အတွေ့အကြုံမရှိဘူး။ ကျွန်မ အထက်တန်းကျောင်းမှာ ဒီလိုယုံကြည်မှုမျိုး မရှိခဲ့ဘူး။ အချိန်ကြာလာတာနဲ့အမျှ မင်းကို ပြောင်းလဲဖို့ မင်းရဲ့ အလားအလာကိုမြင်တဲ့လူ နည်းနည်းပဲ လိုပါတယ်။"



တက်စ်မေးနီးယန်းကလေး

# ကေတီရဲ့ ပန်းခြံ

မင်းလိုမျိုး တစ်ယောက်ယောက်က
လုပ်ခဲ့ရင်၊ မင်းလည်း လုပ်နိုင်ပါတယ်။

ဤစာအုပ်ဟာ အလွန်ထူးခြားတဲ့ တက်စ်
မေးနီးယန်းကလေးတစ်ဦး၏ စာအုပ်ပါ -

___________

တက်စ်မေးနီးယား အမှတ်တံဆိပ်
ဟိုဘတ်၊ တက်စ်မေးနီးယား၊ ဩစတြေးလျ | littletasmanian.com.au
စာသားနှင့် သရုပ်ဖော်ပုံများ မူပိုင်ခွင့် © တက်စ်မေးနီးယား အမှတ်တံဆိပ် ၂၀၂၄
မူပိုင်ခွင့်အားလုံး ရယူထားပြီး။
ပုံနှိပ်ထုတ်ဝေခြင်းဆိုင်ရာ စာရင်းပြုစုခြင်းအတွက် အသေးစိတ်ကို ဤတွင် ရယူနိုင်ပါသည်။
National Library of Australia
ISBN 978-0-6459835-6-2
ဒီဇိုင်းဖော်၍ သရုပ်ဖော်ရေးဆွဲသူ- Shiloh Longbottom

လိုက်ဖတ်ပြီး +
ပုံသိနိုင်ဖို့

Forty South
PUBLISHING

TASMANIAN

ISBN 9780645983562